**သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန**

**သမဝါယမဌာနခွဲ (၁)**

**(  မြန်မာနိုင်ငံ သမဝါယမ ဝန်ထမ်း (အငယ်တန်း) အဖွဲ့ နည်းဥပဒေ များ)**

**အမှတ်-၁၉**

**ရန်ကုန်မြို့၊ ၁၃၂၀ ခု၊ တပေါင်းလဆန်း ၁၃ ရက်။**

**(၁၉၅၉ ခု၊ မတ်လ ၂၁ ရက်။)**

အမှတ် ၁၉။ ။ မြန်မာနိုင်ငံ သမဝါယမ ဝန်ထမ်း (အငယ်တန်း) အဖွဲ့တွင်အရာရှိများ ခန့်ထားရေးကို စည်းမျဉ်းသတ်မှတ်ရန်နှင့် အမှုထမ်းစည်းကမ်းများကို သတ်မှတ်ရန်ကိစ္စအလို့ငှါ၊ နိုင်ငံတော်သမတ သည်၊ ရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်ပြီးနောက်၊ အောက်ပါနည်းဥပဒေများကိုပြုလိုက်သည်။

**အပိုင်း ၁**

**အရပ်ရပ်**

၁။ ။**အမည်။** ။ ဤနည်းဥပဒေများကို မြန်မာနိုင်ငံ သမဝါယမ ဝန်ထမ်း (အငယ်တန်း) အဖွဲ့ နည်းဥပဒေ များဟုခေါ်တွင်ရမည်။

ထိုနည်းဥပဒေများသည်၊ ၁၉၅၉ ခု၊ ဇန္နဝါရီလ ၁ ရက်နေ့မှစ၍ အာဏာတည်ရမည်။

၂။ ။ **အဓိပ္ပါယ်ပိုင်းခြားဖေါ်ပြချက်။** ။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်-

(က) “ ဝန်ထမ်းအဖွဲ့ ” ဆိုသည်မှာ၊ မြန်မာနိုင်ငံသမဝါယမဝန်ထမ်း (အငယ်တန်း) အဖွဲ့ကိုဆိုလိုသည်။

(ခ) “ ဝန်ထမ်းအဖွဲ့ဝင်အရာရှိ” ဆိုသည်မှာ၊ ဝန်ထမ်းအဖွဲ့ အမြဲတန်း ရာထူးတွင် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရခန့်ထားခြင်းခံရသည့် အစိုးရအမှုထမ်းကိုဆိုလိုသည်။

(ဂ) “ တိုက်ရိုက်ခန့်ထားခြင်းခံရသည့်အရာရှိ” ဆိုသည်မှာ၊ နည်းဥပဒေ ၄ (၁) နှင့်အညီ ဝန်ထမ်းအဖွဲ့ တွင်ခန့်ထားခြင်းခံရသည့် အရာရှိကိုဆိုလိုသည်။

**အပိုင်း ၂**

**ဝန်ထမ်းအဖွဲ့**

၃။ ။ **ဝန်ထမ်းအဖွဲ့ဝင်အရာရှိဦးရေ။** ။ ဝန်ထမ်းအဖွဲ့တွင် ခွင့်ပြုရာပါ အရာရှိဦးရေမှာ၊ နိုင်ငံတော် သမတက၊ အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်းဖြစ်ရမည်။

**အပိုင်း ၃**

**အရာရှိများခန့်ထားခြင်း**

၄။ ။ ဝန်ထမ်းအဖွဲ့တွင် အရာရှိများကို နိုင်ငံတော်သမတ က၊ ရာထူးဝန်အဖွဲ့နှင့်ညှိနှိုင်းတိုင်ပင်၍-

(၁) အပြိုင်စာမေးပွဲအောင်စာရင်းအရခန့်ထားရမည်။ ထို့ပြင်

(၂) သမဝါယမဌာနတွင် အမှုထမ်းရွက်သော စည်းရုံးရေးမှူးများ၊ စာရေးစာချီများ၊ စာရင်းစစ်များနှင့် ကြီးကြပ်ရေးမှူးများအား၊ အမည်တင်သွင်းထားသည့်အတိုင်း၊ လစ်လပ်သည့်ရာထူးပေါင်း ၅ဝ ရာခိုင်နှုန်းထိခန့်ထားရမည်။

၅။ ။ နည်းဥပဒေ ၄ (၁) အရ၊ ရာထူးအတွက် စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍၊ မြန်မာစာကောင်းစွာတတ်ကျွမ်းသူလည်းဖြစ်ရမည်။

(ခ) စာမေးပွဲ ဝင်ရောက်ဖြေဆို လိုသည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်အသက် ၂၁ နှစ်အောက် မလျော့၊ ၂၇ နှစ်ထက်မပိုစေရ။

(ဂ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖွဲ့တွင် မြို့နယ်သမဝါယမအရာရှိအဖြစ် အမှုထမ်းရွက်ရန်ကျန်းမာစွာရှိကြောင်းဖြင့် ဆိုင်ရာခရိုင်ဆရာဝန်ကြီးက သတ်မှတ်ထားသည့်ပုံစံဖြင့် ထုတ်ပေးသောသက်သေခံလက်မှတ်ရသူ ဖြစ်ရမည်။ ထို့ပြင်

(င) ရန်ကုန် တက္ကသိုလ် က၊ သို့တည်းမဟုတ် အခြားအသိအမှတ်ပြုတက္ကသိုလ်က ကျင်းပသည့် ဥပစာ ဝိဇ္ဇာတန်း စာမေးပွဲကို ဖြစ်စေ၊ ဥပစာသိပ္ပံတန်းစာမေးပွဲကိုဖြစ်စေ အောင်မြင်သူဖြစ်ရမည်။

၆။ ။ နည်းဥပဒေ ၄ (၂) အရ၊ ရာထူးအတွက် အမည်တင်သွင်းခြင်းခံလိုသူသည်-

(က) သမဝါယမဌာနတွင် ငါးနှစ်ပတ်လုံး အမှုထမ်းရွက်ခဲ့သူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်၍မြန်မာစာကောင်းမွန်စွာတတ်ကျွမ်းသူဖြစ်ရမည်။

(ဂ) မိမိအား၊ အမည်တင်သွင်းသည့်နှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင်အသက် ၂၃ နှစ်အောက်မလျော့၊ ၄၅ နှစ်ထက်မပိုစေရ။

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) မြန်မာနိုင်ငံသမဝါယမဌာန၊ သမဝါယမမင်းကြီးက ထောက်ခံသူဖြစ်ရမည်။ ထို့ပြင်

(စ) ဝန်ထမ်းအဖွဲ့တွင် အမှုထမ်းရွက်ရန် ကျန်းမာစွာရှိကြောင်းဖြင့် ဆိုင်ရာခရိုင်ဆရာဝန်ကြီးက သတ်မှတ်ထားသည့်ပုံစံဖြင့် ထုတ်ပေးသောသက်သေခံလက်မှတ်ရသူဖြစ်ရမည်။

## အပိုင်း ၄

## အမှုထမ်းစည်းကမ်း

၇။ ။ **အစမ်းခန့်ထားခြင်း။**

(၁) နည်းဥပဒေ ၄ အရခန့်ထားခြင်းခံရသည့် အရာရှိတိုင်းသည်၊ အမြဲတန်းမဖြစ်သေးမီ၊ အစမ်းခန့်ထား ခြင်းခံရမည်။

(၂) နည်းဥပဒေ ၄ အရခန့်ထားခြင်းခံရသည့်အရာရှိတိုင်းသည်-

(၁) အစမ်းခန့် နှစ်နှစ်ပြည့်အောင် အမှုမထမ်းရွက်ရသေးလျှင်၊

(၂) ဌာနဆိုင်ရာ အောက်တန်းသမဝါယမ ဥပဒေ သဘောတရားများနှင့် စာရင်းကိုင်အတတ်ပညာမှစ၍၊ အခွန်တော်ဥပဒေ စာမေးပွဲကိုငင်း၊ သမဝါယမဌာနအရာရှိများအတွက် သတ်မှတ်ထားသည့် သင်ရိုးသင်တန်းနှင့်အညီ တရားမဥပဒေစာမေးပွဲကိုငင်း၊ ဤကိစ္စအလို့ငှါ အခါအားလျော်စွာ သတ်မှတ်ထားသည့်အခြားစာမေးပွဲများကိုငင်း မအောင်မြင်သေးလျှင်၊

Myanmar Law Information System (MLIS)

(၃) ရာထူးတွင် အမြဲတန်းခန့်ထားရန် သင့်တော်ကြောင်းဖြင့် မိမိ၏အထက်အရာရှိများက အစီရင်ခံစာရေးသားခြင်းမခံရသေးလျှင်ထိုအရာရှိကိုရာထူးတွင်အမြဲတန်းမခန့်ထားရ။

၈။ ။ နည်းဥပဒေ ၄ အရခန့်ထားသည့်အရာရှိတဦးသည်၊ မိမိအားခန့်ထားသည့်နေ့ရက်မှ သုံးနှစ်အတွင်း ရာထူးတွင်အမြဲတန်းခန့်ထားခြင်းမခံရလျှင်၊ ထိုအရာရှိအား၊ ရာထူးမှဆောလျှင်စွာ ထုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် ထိုအရာရှိမှာ၊ အခြားရာထူးတခုခုကို လက်ရှိထားပိုင်ခွင့်ရှိလျှင်၊ ထိုအရာရှိအား၊ ထိုရာထူးသို့ ပြန်လည်လျော့ချနိုင်သည်။

## အပိုင်း ၅

## လစာနှင့်စရိတ်များ

၉။ ။ မြို့နယ်သမဝါယမ အရာရှိများသည်၊ အောက်ပါအတိုင်းလစာစရိတ်ရရှိစေရမည်။

တလလျှင် လစာ ကျပ် ၂ဝဝ-၁ဝ-၃ဝဝ။

၁ဝ။ ။ (က) တိုက်ရိုက်ခန့်ထားခြင်း ခံရသည့်အရာရှိသည်၊ မိမိအားမခန့်ထားမီ အစိုးရအမှုထမ်းဖြစ်၍၊ မိမိ ၏လစာရင်းများ ၂ဝဝ ကျပ်ဖြစ်လျှင်၊ သို့တည်းမဟုတ် ၂ဝဝ ကျပ်ထက်ပိုလျှင်၊ ဤနည်းဥပဒေ များအနက် နည်းဥပဒေ ၉ တွင်ဖေါ်ပြထားသည့် လစာနှုန်းတွင်၊ မိမိအားဝန်ထမ်းအဖွဲ့သို့ ခန့်ထားသည့် နေ့ရက်၌ ထုတ်ယူလျက်ရှိသည့် လစာရင်းထက်တဆင့်တိုး၍ သတ်မှတ်ထားသည့် ကနဦးလစာကို ထုတ်ယူရမည်။

(ခ) နည်းဥပဒေ ၄ (၂) အရ၊ ဝန်ထမ်းအဖွဲ့တွင် ခန့်ထားခြင်းခံရသည့်အရာရှိများသည်၊ အထက်ပါ နည်းဥပဒေ၉တွင်ဖေါ်ပြထားသော လစာနှုန်း၌မိမိ၏လစာရင်းထက် တဆင့်ပိုသောလစာကိုမိမိတို့၏ လစာအဖြစ်ထုတ်ယူရမည်။

အမိန့်အရ၊

စောလွင်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)